**၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ**
**အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန် အခွန်ပမာဏ စုစုပေါင်း ကျပ် (၅၆.၄၂၄) ဘီလီယံ**
**အခွန်ကင်းလွတ်ခွင့် ပြုပေးခဲ့**

**နေပြည်တော်၊ ဧပြီ ၃၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် စီးပွားရေး ဦးတည်ချက် ၃ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူတို့၏လူမှုစီးပွား ဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် အစိုးရအသုံးစရိတ်များ သုံးစွဲရာတွင် အခွန်အကောက်ရငွေများဖြင့် အဓိက သုံးစွဲရပါသည်။ သို့ဖြစ်ရာ ရသင့်ရထိုက်သည့်အခွန်အကောက်ရငွေများ တိုးမြင့်ရရှိစေရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ဖက်တွင်လည်း နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကိုရှေးရှု၍ တည်ဆဲဥပဒေ များနှင့်အညီ အခွန်ကင်းလွတ်သက်သာခွင့်နှင့် အခွန်လျှော့ပေါ့ခွင့်တို့ကိုလည်း စိစစ်ဆောင်ရွက်ခွင့်ပြုပေး လျက်ရှိပါသည်။

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ ကာလအတွင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ မှတ်တမ်းများအရ အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ပြုခဲ့သည့်စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

**၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ ကာလအတွင်း**
**အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုခဲ့သည့်စာရင်း**

| စဉ် | အကြောင်းအရာ | အရေအတွက် | ကုန်ပစ္စည်းတန်ဖိုး (ကျပ် ဘီလီယံ ပေါင်း) | ကင်းလွတ်ခွင့်ပြုခဲ့သည့် အခွန်ပမာဏ (ကျပ် ဘီလီယံပေါင်း) | | | ကင်းလွတ်ခွင့်ပြုသည့် အခွန်ပမာဏ စုစုပေါင်း (ကျပ်ဘီလီယံပေါင်း) |
|---|---|---|---|---|---|---|---|
| | | | | အကောက်ခွန် | ကုန်သွယ်ခွန် | ဝင်ငွေခွန် | |
| ၁ | MIC ခွင့်ပြုချက်ဖြင့် ကုမ္ပဏီများသို့ ကင်းလွတ်ခွင့်ပြုသည့်တန်ဖိုး | ၂၅၀ | ၁၂၅.၄၁၄ | ၄.၄၀၉ | ၆.၄၉၆ | – | ၁၀.၉၀၅ |
| ၂ | ပြည်ထောင်စုဝန်ကြီးဌာနအဖွဲ့အစည်းများသို့ ကင်းလွတ်ခွင့်ပြုသည့်တန်ဖိုး | ၄၅ | ၂၀၉.၁၄၁ | ၁.၃၇၂ | ၀.၄၂၇ | – | ၁.၇၉၉ |
| ၃ | ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များသို့ ကင်းလွတ်ခွင့်ပြုသည့် တန်ဖိုး | ၃ | ၀.၉၅၇ | ၀.၀၂၉ | ၀.၀၀၆ | – | ၀.၀၃၅ |
| ၄ | NGO ၊ INGO အသင်းအဖွဲ့များသို့ လှူဒါန်းမှုအတွက် ကင်းလွတ်ခွင့်ပြုသည့်တန်ဖိုး | ၁၆ | ၁၃.၅၈၄ | ၀.၄၇၈ | ၀.၀၃၇ | – | ၀.၅၁၅ |
| ၅ | ပြည်ထောင်စုဝန်ကြီးဌာနအဖွဲ့အစည်းများသို့ သက်သေခံလက်မှတ်ထုတ်ပေးသည့် တန်ဖိုး | ၁၄၃ | ၁၂၅၁.၂၈၁ | – | – | ၂၇.၄၆၈ | ၂၇.၄၆၈ |
| ၆ | မြန်မာအထူးစီးပွားရေးဇုန် (သီလဝါ) သို့ ကင်းလွတ်ခွင့်ပြုသည့် တန်ဖိုး | ၉၈၁ | ၁၃၆.၅၁၇ | ၆.၈၂၄ | ၈.၈၇၈ | – | ၁၅.၇၀၂ |
| | **စုစုပေါင်း** | **၁၄၃၈** | **၁၇၃၆.၈၉၄** | **၁၃.၁၁၂** | **၁၅.၈၄၄** | **၂၇.၄၆၈** | **၅၆.၄၂၄** |

သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ အထူးစီးပွားရေးဇုန်ဥပဒေတို့နှင့်အညီ ဆောင်ရွက်မည့်လုပ်ငန်းများ၊ အသင်းအဖွဲ့များအား တည်ဆဲဥပဒေများအရ အခွန်ကင်းလွတ်ခွင့်ပြု နိုင်သည့်ကိစ္စများကို စိစစ်ဆောင်ရွက်ပေးလျက်ရှိပြီး၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့် တည်ဆဲ အခွန်ဆိုင်ရာဥပဒေများနှင့်အညီ ရသင့်ရထိုက်သော အခွန်အကောက်များကိုလည်း အပြည့်အဝရရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။